ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၇၀ /၂၀၂၃

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်)

# အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ဆိုသည်။

(ခ) **အကောက်ခွန်ဦးစီးဌာန** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနကိုဆိုသည်။

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဃ) **အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့်ကုန်ပစ္စည်း** ဆိုသည်မှာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်၊ အသိအမှတ်ပြု

အမှတ်တံဆိပ်၊ ဒေသဆိုင်ရာအညွှန်း၊ ကျော်ကြားသော အမှတ်တံဆိပ်၊ ကုန်သွယ်မှုအမည်တို့နှင့် စပ်လျဉ်း၍ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ အခြားသူတစ်ဦးဦးမှ ထပ်တူ သို့မဟုတ် အလားတူတုပ၍ စီးပွားဖြစ်အသုံးပြုရန် ပြုလုပ်ထားသော ကုန်ပစ္စည်းများကိုဆိုသည်။

(င) **ဆိုင်းငံ့မိန့်** ဆိုသည်မှာ အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံရသော ကုန်ပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက်အထားရှိလျှင်ဖြစ်စေ၊ တိကျခိုင်လုံသော သတင်းအချက်အလက်ရရှိလျှင်ဖြစ်စေ အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ရန် ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် အမိန့်ကိုဆိုသည်။

(စ) **လျှောက်ထားသူ** ဆိုသည်မှာ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ မှတ်တမ်းထားရှိပေးရန်နှင့် ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်တင်သွင်းသည့် အခွင့်အရေးရရှိသူ သို့မဟုတ် ယင်း၏တရားဝင် ကိုယ်စားလှယ်ကိုဆိုသည်။

(ဆ) **တင်သွင်းသူ** ဆိုသည်မှာ ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် နိုင်ငံတော်အတွင်းသို့ တင်သွင်းသူကိုဆိုသည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့်ပုံစံကိုဆိုသည်။

## အခန်း(၂)

## မှတ်တမ်းထားရှိပေးရန် လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း

### လျှောက်ထားခြင်း

၃။ လျှောက်ထားသူသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ မှတ်တမ်းထားရှိပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၄။ လျှောက်ထားသူသည် နည်းဥပဒေ ၃ အရ မှတ်တမ်းထားရှိပေးရန် လျှောက်ထားရာတွင် ပုံစံ (၁) ၌ ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည့်အပြင် အကောက်ခွန်ဦးစီးဌာနက သီးခြားသတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားများရှိပါက ယင်းတို့ကိုပူးတွဲတင်ပြရမည်။

### စိစစ်ပြန်ကြားခြင်း

၅။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်များနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားချက်ကိုစိစစ်ပြီး ပြည့်စုံမှန်ကန်ပါက လျှောက်ထားချက်ကိုလက်ခံပြီး မှတ်တမ်းထားရှိခြင်းဆိုင်ရာ မှတ်ပုံတင်နံပါတ်သတ်မှတ်၍ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူထံ ပုံစံ (၂) ဖြင့် အကြောင်းကြားရမည်။

(ခ) လျှောက်ထားချက်ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ခုနစ်ရက်အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ ချက်ချင်း အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း လျှောက်ထားသူက ပြည့်စုံမှန်ကန်စွာ ပြန်လည်တင်ပြလာပါက လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားရမည်။ လျှောက်ထားသူက သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိလျှင် ယင်းလျှောက်ထားချက်အား လက်ခံဆောင်ရွက်ခြင်းမပြုဘဲ ငြင်းပယ်ရမည်။

(ဃ) ပြန်လည်တင်ပြလာသည့် မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ပါ အချက်အလက်များ ပြည့်စုံမှန်ကန်ပါက မှတ်တမ်းထားရှိခြင်းဆိုင်ရာ မှတ်ပုံတင်နံပါတ် သတ်မှတ်၍ ပုံစံ (၂) ဖြင့် လျှောက်ထားချက်ကို လက်ခံကြောင်း သို့မဟုတ် ပြည့်စုံမှန်ကန်မှုမရှိပါက ပုံစံ (၃) ဖြင့် ငြင်းပယ်ကြောင်း ယင်းလျှောက်ထားချက်အား လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

၆။ မှတ်တမ်းထားရှိခြင်း သက်တမ်းသည် လျှောက်ထားချက်အား အတည်ပြုလက်ခံသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်သည်။

၇။ လျှောက်ထားသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း တစ်ကြိမ်လျှင် နှစ်နှစ်စီဖြင့် အကောက်ခွန်ဦးစီးဌာန၌ သက်တမ်းတိုးခြင်းကို ပုံစံ (၄) တွင် ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားနိုင်သည်။

**ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့်ပယ်ဖျက်ခြင်း**

၈။ လျှောက်ထားသူသည် အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိသည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း စသည့်ပြောင်းလဲမှု တစ်စုံတစ်ရာရှိပါက ပြင်ဆင် လိုကြောင်း သို့မဟုတ် ရုပ်သိမ်းလိုကြောင်းကို မူပိုင်ခွင့်ဦးစီးဌာနတွင် ပြင်ဆင်မှု သို့မဟုတ် ရုပ်သိမ်းမှု ဆောင်ရွက်ပြီးသည့်နေ့မှ အစိုးရရုံးဖွင့်ရက် သုံးရက်အတွင်း ယင်းပြင်ဆင်မှု သို့မဟုတ် ရုပ်သိမ်းမှုဆောင်ရွက်ခဲ့သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အကောက်ခွန်ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၉။ လျှောက်ထားသူသည် အမှတ်တံဆိပ်နှင့်သက်ဆိုင်သည့် သို့မဟုတ် အကောက်ခွန်နှင့်သက်ဆိုင်သည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တစ်နည်းနည်းဖြင့် ဖောက်ဖျက်ကျူးလွန်ကြောင်း အကောက်ခွန်ဦးစီးဌာနက စိစစ်တွေ့ရှိပါက မှတ်တမ်းထားရှိခြင်းကို ပယ်ဖျက်ရမည်။ ယင်းသို့ပယ်ဖျက်ကြောင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း(၃)

## ဆိုင်းငံ့မိန့်လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်း နှင့် အာမခံထားရှိခြင်း

**လျှောက်ထားခြင်း**

၁၀။ လျှောက်ထားသူသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံထားရသော ကုန်ပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်အထောက်အထားများ ရှိပါက အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားရာတွင် အကောက်ခွန်ဦးစီးဌာန၌ မှတ်တမ်းထားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှောက်ထားနိုင်သည်။

၁၁။ လျှောက်ထားသူသည် နည်းဥပဒေ ၁၀ အရ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားရာတွင် ပုံစံ (၅) ၌ ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားရမည့်အပြင် အကောက်ခွန်ဦးစီးဌာနမှ သီးခြားသတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားများရှိပါက ယင်းတို့ကိုပူးတွဲတင်ပြရမည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိခြင်းမရှိသော ကုန်ပစ္စည်းများဖြစ်ပါက လျှောက်ထားသူသည် ယင်း၏မူပိုင်ခွင့်ဆိုင်ရာမှန်ကန်မှုအတွက် အကောက်ခွန်ဦးစီးဌာန၏ လိုအပ်သောစိစစ်မှုများကို ဦးစွာခံယူရမည်။ အကောက်ခွန်ဦးစီးဌာနကတောင်းဆိုလျှင် အောက်ပါတို့ကို တင်ပြရမည်-

(က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်လွှဲစာ၊

(ခ) တရားဝင်တင်သွင်းခွင့် အထောက်အထား၊

(ဂ) တင်သွင်းလာသော ကုန်ပစ္စည်းသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်သည့် ကုန်ပစ္စည်းဖြစ်ကြောင်း ခိုင်လုံသည့်အထောက်အထား၊

(ဃ) အခြားလိုအပ်သောအထောက်အထားများ။

၁၃။ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားသူသည်-

(က) လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် အကောက်ခွန်ဦးစီးဌာနကတောင်းဆိုလျှင် ဘာသာပြန်ဆို ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဘာသာပြန်ဆိုချက်သည်မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးရမည်။

(ဃ) လျှောက်ထားချက်ကို ကိုယ်တိုင်ဖြစ်စေ၊ အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ၊ စာတိုက်မှပေးပို့၍ဖြစ်စေ လျှောက်ထားနိုင်သည်။

**စိစစ်ပြန်ကြားခြင်း**

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ဆိုင်းငံ့မိန့် လျှောက်ထားချက်များနှင့်စပ်လျဉ်း၍-

(က) ဆိုင်းငံ့မိန့်လျှောက်ထားချက်ကို စိစစ်ပြီးပြည့်စုံမှန်ကန်မှုရှိပါက လက်ခံကြောင်း ယင်းလျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူထံ ပုံစံ (၆) ဖြင့် အကြောင်းကြားရမည်။

(ခ) ဆိုင်းငံ့မိန့်လျှောက်ထားချက်ပါ အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သောအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူထံ ချက်ချင်းအကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း လျှောက်ထားသူက ပြည့်စုံမှန်ကန်စွာ ပြန်လည်တင်ပြလာပါက လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားရမည်။ လျှောက်ထားသူက သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိလျှင် ယင်းလျှောက်ထားချက်ကို လက်ခံဆောင်ရွက်ခြင်းမပြုဘဲ ငြင်းပယ်ရမည်။

(ဃ) ပြန်လည်တင်ပြလာသည့် ဆိုင်းငံ့မိန့်လျှောက်ထားချက်ပါ အချက်အလက်များ ပြည့်စုံမှန်ကန်ပါက ပုံစံ (၆)ဖြင့် လျှောက်ထားချက်ကို လက်ခံကြောင်း သို့မဟုတ် ပြည့်စုံမှန်ကန်မှုမရှိပါက ပုံစံ (၇)ဖြင့် ငြင်းပယ်ကြောင်း ယင်းလျှောက်ထားချက်အား လက်ခံရရှိသည့် နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

**အာမခံထားရှိခြင်း**

၁၅။ (က) လျှောက်ထားသူသည် ညွှန်ကြားရေးမှူးချုပ်က ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်အား လက်ခံကြောင်း အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ အစိုးရရုံးဖွင့်ရက် ငါးရက်အတွင်း ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အာမခံစပေါ်ငွေကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) လျှောက်ထားသူက သတ်မှတ်ရက်အတွင်း အာမခံစပေါ်ငွေပေးသွင်းခြင်း မရှိပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)

## အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးခြင်း

၁၆။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ဆိုင်းငံ့မိန့် လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားခြင်းမရှိသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သောခိုင်လုံသည့် အထောက်အထားများတွေ့ရှိလျှင် အဆိုပါကုန်ပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပြန်၍ ဆိုင်းငံ့ထားရမည်။

(ခ) ဆိုင်းငံ့မိန့် လျှောက်ထားသည့်ကိစ္စရပ်တွင် လျှောက်ထားသူနှင့် တင်သွင်းသူထံဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနက စစ်ဆေးတွေ့ရှိသည့်ကိစ္စရပ်တွင် အခွင့်အရေးရရှိသူနှင့် တင်သွင်းသူထံဖြစ်စေ နည်းဥပဒေခွဲ (က) အရ ဆိုင်းငံ့မိန့်ထုတ်ပြန်ခြင်းကို ပုံစံ (၈) ဖြင့် ချက်ချင်းအကြောင်းကြားရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနက စစ်ဆေးတွေ့ရှိသည့်ကိစ္စရပ်တွင် ဆိုင်းငံ့မိန့်ထုတ်ပြန်ခြင်းခံရသည့် ကုန်ပစ္စည်းများအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့်

အာမခံစပေါ်ငွေကို ဆိုင်းငံ့မိန့်အား အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်းပေးသွင်းရန် အခွင့်အရေးရရှိသူထံ အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ အခွင့်အရေးရရှိသူက သတ်မှတ်ရက်အတွင်း အာမခံစပေါ်ငွေ ပေးသွင်းခြင်းမရှိပါက ဆိုင်းငံ့မိန့်ကိုပယ်ဖျက်၍ ကျသင့်အခွန်အခများ ပေးဆောင်စေပြီး အဆိုပါကုန်ပစ္စည်းများကို တင်သွင်းသူအား ထုတ်ယူခွင့်ပြုရမည်။

၁၇။ တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကိုကျေနပ်မှုမရှိပါက ဆိုင်းငံ့ကာလကို ပြင်ဆင်ပေးရန် သို့မဟုတ် ပြန်လည်ရုပ်သိမ်းပေးရန် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့ဆောင်ရွက်နေကြောင်း ဆိုင်းငံ့မိန့်ကိုအသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် တင်သွင်းသူက နည်းဥပဒေ ၁၇ အရ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားကြောင်း အကြောင်းကြားပါက မူပိုင်ခွင့်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီဆောင်ရွက်ရမည်။

၁၉။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းဖြစ်ကြောင်း သက်သေပြရန်အလို့ငှာ လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေဘဲ အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများကို လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူနှင့် တင်သွင်းသူတို့အား တစ်ချိန်တည်းတွင် လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

(ခ) ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ သုံးရက်အတွင်းဖြစ်စေ၊ အခြားကုန်ပစ္စည်းများဖြစ်ပါက ၁၅ ရက်အတွင်းဖြစ်စေ အမှုကိစ္စအများအမှန်ဆုံးဖြတ်နိုင်ရေး စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံး၏ ကုန်ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်းတင်ပြရန် လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူထံ အကြောင်းကြားရမည်။

(ဂ) ပျက်စီးလွယ်သော ကုန်ပစ္စည်းများမှအပ အခြားကုန်ပစ္စည်းများအား သတ်မှတ်ကာလမကုန်ဆုံးမီ ခိုင်လုံသောအကြောင်းပြချက်ဖြင့် အချိန်ကာလကို တိုးမြှင့်

ပေးရန် လျှောက်ထားလာပါက သို့မဟုတ် အခြားသင့်လျော်သော ကိစ္စရပ်များ ရှိပါက အချိန်ကာလကို ၁၅ ရက် ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(ဃ) ဆိုင်းငံ့မိန့်ထုတ်ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်နေကြောင်း သတ်မှတ်ကာလအတွင်း တင်ပြလာပါက အဆိုပါ ကုန်ပစ္စည်းများအပေါ် မူပိုင်ခွင့်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(င) နည်းဥပဒေခွဲ (ခ) အရ သတ်မှတ်ကာလအတွင်း တင်ပြခြင်းမရှိလျှင် ဆိုင်းငံ့မိန့်ကို ပယ်ဖျက်၍ ကျသင့်အခွန်အခများ ပေးဆောင်စေပြီး အဆိုပါကုန်ပစ္စည်းများကို တင်သွင်းသူအား ထုတ်ယူခွင့်ပြုရမည်။

## အခန်း(၅)

## ကုန်ကျစရိတ်ပေးဆောင်စေခြင်းနှင့် အာမခံစပေါ်ငွေစီမံခန့်ခွဲခြင်း

၂၀။ မူပိုင်ခွင့်တရားရုံးက အမှတ်တံဆိပ်အတုကိုအသုံးပြုထားသည့် ကုန်ပစ္စည်းမှန်ကန်ကြောင်း ဆုံးဖြတ်လျှင်-

(က) တင်သွင်းသူသည် အဆိုပါကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကောက်ခွန်ဦးစီးဌာနသို့ အပြေအကြေ ပေးဆောင်ရမည်။

(ခ) အကောက်ခွန်ဦးစီးဌာနသည် တင်သွင်းသူက နည်းဥပဒေခွဲ (က) အရ ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ပြီးလျှင် လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူ ပေးသွင်းထားသည့် အာမခံစပေါ်ငွေကို လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသို့ ပြန်လည်ထုတ်ပေးရမည်။

(ဂ) တင်သွင်းသူက အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို ပေးဆောင်ရန်ပျက်ကွက်လျှင်-

(၁) လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသည် ကုန်ကျစရိတ်များကို အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကောက်ခွန်ဦးစီးဌာနသို့ အပြေအကြေပေးဆောင်ရမည်။

(၂) အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူ သို့မဟုတ် အခွင့်အရေး ရရှိသူထံမှ ကုန်ကျစရိတ်များကို အပြည့်အဝကောက်ခံရရှိပါက ပေးသွင်းထားသော အာမခံစပေါ်ငွေကို လျှောက်ထားသူ သို့မဟုတ် အခွင့်အရေး ရရှိသူအား ပြန်လည်ထုတ်ပေးရမည်။

(ဃ) အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူက ဖြစ်စေ၊ တင်သွင်းသူကဖြစ်စေ အဆိုပါကုန်ပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ယင်းကုန်ကျစရိတ်ကို ပေးသွင်းထားသော အာမခံစပေါ်ငွေမှ ခုနှိမ်ရမည်။

(င) လျှောက်ထားသူ သို့မဟုတ် အခွင့်အရေး ရရှိသူသည် နည်းဥပဒေခွဲ (ဂ) (၁) နှင့် (ဃ) တို့အရ ပေးဆောင်ထားသည့် ကုန်ကျစရိတ်များကို တင်သွင်းသူထံမှ ပြန်လည် ရပိုင်ခွင့်ရှိစေရမည်။

၂၁။ အကောက်ခွန်ဦးစီးဌာနသည် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်ပြီးသည့်အချိန်အထိ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးခြင်းကို ဆိုင်းငံ့ထားနိုင်သည်။

## အခန်း(၆)

## ကုန်ပစ္စည်းများကိုစီမံခန့်ခွဲပိုင်ခွင့်

၂၂။ ဆိုင်းငံ့မိန့်ထုတ်ပြန်ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနသည် ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်အရဖြစ်စေ၊ မူပိုင်ခွင့်တရားရုံး၏ အမိန့်နှင့်အညီဖြစ်စေ စီမံခန့်ခွဲရမည်။

## အခန်း(၇)

## အထွေထွေ

၂၃။ အောက်ဖော်ပြပါ တင်သွင်းလာသော ကုန်ပစ္စည်းများသည် ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ချက်အတွင်း အကျုံးဝင်သည့်ကုန်ပစ္စည်းများ (De-minimis Goods)၊

(ခ) ယာဉ်လွှဲပြောင်းတင်ဆောင်ရန် တင်သွင်းလာသော ကုန်ပစ္စည်းများ (Transhipment Cargo)၊ အကောက်ခွန်ကြီးကြပ်မှု ဧရိယာအတွင်းသို့ ပြည်ပမှတင်သွင်းလာပြီး အကြောင်းတစ်စုံတစ်ရာကြောင့် ပြည်တွင်းစားသုံးရန် ထုတ်ယူခြင်းမပြုဘဲ ပြည်ပသို့ပြန်လည်တင်ပို့မည့် ကုန်ပစ္စည်းများ (Reshipment Cargo)၊ ပြည်တွင်းအကောက်ခွန် ဆိပ်ကမ်းတစ်ခုတွင် ချထားရန်မဟုတ်ဘဲ ပြည်ပသို့ဆက်လက်သယ်ဆောင် သွားမည့်ကုန်ပစ္စည်းများ (Retention Cargo) နှင့် အိမ်နီးချင်းနိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ မြန်မာနိုင်ငံကိုဖြတ်သန်း၍ တစ်ဆင့်ကုန်သွယ်သည့် ကုန်ပစ္စည်းများ (Transit Trade Cargo)၊

(ဂ) အများပြည်သူအကျိုးအတွက်ဖြစ်စေ၊ နိုင်ငံတော် အရေးပေါ်အခြေအနေအရဖြစ်စေ လိုအပ်ချက်အရ နိုင်ငံတော်အစိုးရမှ အခါအားလျော်စွာ တင်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းများ။

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ကမ္ဘာ့အကောက်ခွန်အဖွဲ့၊အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့် သတင်းအချက်အလက်များ ဖလှယ်ပြီးပူးပေါင်းဆောင်ရွက်နိုင်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၁/၂၅၄ (၄၃၆၇ /၂၀၂၃)
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)

# အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်တမ်းထားရှိပေးရန်လျှောက်ထားလွှာ

# (နည်းဥပဒေ ၃)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **မှတ်တမ်းထားရှိပေးပါရန် လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ------------ တွင် တည်ရှိသည့်-------------- ကုမ္ပဏီမှ ထုတ်လုပ်သည့် ------------------ ကုန်ပစ္စည်းအတွက် ကျွန်တော်/ကျွန်မ၏ ------------- ကုမ္ပဏီသည် မူပိုင်ခွင့်ဦးစီးဌာန၏ မှတ်ပုံတင်အမှတ် ( / ) ဖြင့် အမှတ်တံဆိပ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မတို့၏ အမှတ်တံဆိပ်များကို မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ် ပေးနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိပေးပါရန် လေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

၃။ အဆိုပါ အမှတ်တံဆိပ် မှတ်ပုံတင်ထားသည့် ကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ အတုအစစ်ခွဲခြားခြင်းဆိုင်ရာ အချက်အလက်များအပါအဝင် သက်ဆိုင်ရာစာရွက်စာတမ်းများအား ပူးတွဲတင်ပြထားပါသည်။

လျှောက်ထားသူ

လက်မှတ် ____________

အမည် ____________

ရာထူး ____________

၁။ မူပိုင်ခွင့်ရရှိသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
General information on right holders-

| | |
|---|---|
| မူပိုင်ခွင့်ရရှိသူ၏အမည်<br>(Right holders name) | - |
| မူပိုင်ခွင့်ရရှိသူ၏လိပ်စာ<br>(Right holders address) | - |
| ကုမ္ပဏီအမည်<br>(Company name) | - |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်ရက်စွဲ<br>(Registration No. and date) | - |
| ကုမ္ပဏီ၏ လိပ်စာ<br>(Company address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်-<br>(Phone / Fax / Email) | |

၂။ လျှောက်ထားသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
Personal data of applicants-

| | |
|---|---|
| လျှောက်ထားသူ၏အမည်<br>(Applicant name) | - |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ်<br>(Identification card No. /Passport No.) | - |
| အလုပ်အကိုင်<br>(Job title) | - |
| လိပ်စာ<br>(Address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone/ Fax / Email) | - |

၃။ လျှောက်ထားသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ (Company profile of applicant)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | - |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ<br>(Registration No. and date) | - |
| အခွန်ထမ်းမှတ်ပုံတင်အမှတ်<br>(TIN- Tax payer identification number) | - |
| ကုမ္ပဏီ၏ လိပ်စာ<br>(Company Address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone / Fax / Email) | - |

၄။ မှတ်တမ်းထားရှိလိုသည့်ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ (Detailed description of suspected goods for recordation)

| | | | |
|---|---|---|---|
| အမှတ်တံဆိပ်မူပိုင်ခွင့်ရရှိထားသောကုန်ပစ္စည်းအမည်<br>(Product Name) | - | | |
| ကုန်ပစ္စည်းအမျိုးအမည်<br>(Description of goods) | - | | |
| H.S Code | - | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နံပါတ်<br>(Registration No. at Myanmar IP department) | - | | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နေ့ရက်<br>(Registration date at Myanmar IP department) | - | | |
| မူပိုင်ခွင့်ရရှိသည့် ကာလ<br>(Duration of the right) | - | မှ<br>(From) | ထိ<br>(To) |

၅။ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းတင်ထားရှိပေးစေလိုသည့် သက်တမ်း (နှစ်နှစ်ထက် မပိုစေရ)
(Valid period of recordation (Not more than 2 years))

| | | |
|---|---|---|
| မှတ်တမ်းထားရှိလိုသည့်သက်တမ်း<br>Period of recordation | မှ<br>(From) | ထိ<br>(To) |

၆။ ပြည်တွင်းတွင် တရားဝင်ခွင့်ပြုချက်ရရှိထားသူ(တစ်ဦးထက်ပိုပါက ပူးတွဲစာရွက်ဖြင့်တင်ပြနိုင်သည်)
(Authorized distributor/importer (Other documents for more distributors))

| | |
|---|---|
| အမည်<br>(Name) | - |
| ကုမ္ပဏီအမည်<br>(Company name) | - |
| နေရပ်လိပ်စာ<br>(Address) | - |
| ဖုန်းနံပါတ်<br>(Phone No.) | - |

၇။ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ (Documents to be Attached)

| | |
|---|---|
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုချက် မိတ္တူ<br>(IPR registration certificate(copy)) | |
| ကုန်ပစ္စည်းအတုအစစ် ခွဲခြားစစ်ဆေးနိုင်သော အချက်အလက်များနှင့် အထောက်အကူပြု ပစ္စည်းများ<br>(Supporting materials/tools and detailed description of goods to make them recognizable) | |
| ကိုယ်စားလှယ်လွှဲစာ<br>(Power of attorney) | |
| အများပြည်သူသိရှိစေရန် သတင်းစာတွင် ကြေညာချက်<br>(Public announcement) | |
| အခြားလိုအပ်သော စာရွက်စာတမ်းများ<br>(Other necessary documents) | |

# မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားစာ
## [နည်းဥပဒေ ၅ (က) နှင့် (ဂ)]

သို့

------------------------(လျှောက်ထားသူ)

------------------------

အကြောင်းအရာ။ **မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားခြင်း**

၁။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို မှတ်တမ်းထားရှိပေးပါရန် - - ရက်နေ့တွင် ____________________ ကုမ္ပဏီမှ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားခြင်းအပေါ် စိစစ်ပြီး အကောက်ခွန်ဦးစီးဌာန၏ မှတ်ပုံတင်နံပါတ် ____________________ ဖြင့် - - ရက်နေ့မှ - - ရက်နေ့အထိ မှတ်တမ်းထားရှိလိုက်သည်-

(က) ________________________________

(ခ) ________________________________

(ဂ) ________________________________

၂။ သက်တမ်းတိုးမြှင့်လိုပါက မှတ်တမ်းထားရှိခြင်း သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရမည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/၂၀၂၃ (        )

ရက်စွဲ၊ ၂၀၂၃ ခုနှစ်            လ            ရက်

မိတ္တူကို

ရန်ကုန်ဆိပ်ကမ်းများအားလုံး
လေဆိပ်
လေဆိပ်ကုန်လှောင်ရုံ
OSSစစ်ဆေးရေးစခန်းအားလုံး
မြို့နယ်ရုံးအားလုံး
ရုံးလက်ခံ
မျှောစာတွဲ

# မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ
**[နည်းဥပဒေ ၅ (ဂ)]**

သို့

------------------------(လျှောက်ထားသူ)

------------------------

အကြောင်းအရာ။ **မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

၁။ အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို မှတ်တမ်းထားရှိပေးပါရန် - - ရက်နေ့တွင် ____________ ကုမ္ပဏီမှ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားလာပါသည်-

(က) ________________________________

(ခ) ________________________________

(ဂ) ________________________________

၂။ အဆိုပါ လျှောက်ထားချက်အား စိစစ်ရာတွင် သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသဖြင့် မှတ်တမ်းထားရှိပေးရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/၂၀၂၃ (        )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်              လ              ရက်

မိတ္တူကို

ရန်ကုန်ဆိပ်ကမ်းများအားလုံး
လေဆိပ်
လေဆိပ်ကုန်လှောင်ရုံ
OSSစစ်ဆေးရေးစခန်းအားလုံး
မြို့နယ်ရုံးအားလုံး
ရုံးလက်ခံ
မျှောစာတွဲ

# အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားလွှာ
# (နည်းဥပဒေ ၇)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ___________ ကုမ္ပဏီမှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များကို အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနတွင် မှတ်ပုံတင်နံပါတ် ____________________ ဖြင့် - - ရက်နေ့မှ - - ရက်နေ့ အထိ မှတ်တမ်းထားရှိခဲ့ပြီးဖြစ်ပါသည်-

(က) ______________________________

(ခ) ______________________________

(ဂ) ______________________________

၂။ အဆိုပါကုန်အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနတွင် မှတ်တမ်းထားရှိခြင်းအား သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ________________

အမည် ________________

ရာထူး ________________

# အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်းငံ့မိန့်လျှောက်ထားလွှာ
# (နည်းဥပဒေ ၁၁)

သို့

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန
ရန်ကုန်မြို့

ရက်စွဲ၊ ခုနှစ် လ ရက်

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဥ်း၍ ------------------ တွင် တည်ရှိသည့်--------- ကုမ္ပဏီမှ ထုတ်လုပ်သည့် ------------------- ကုန်ပစ္စည်းအတွက် ကျွန်တော်/ကျွန်မ၏ -------------- ကုမ္ပဏီသည် မူပိုင်ခွင့်ဦးစီးဌာန၏ မှတ်ပုံတင်အမှတ် ( / ) ဖြင့် အမှတ်တံဆိပ် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

၂။ ယခုအခါ အထက်ပါမှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ပြီး ယင်းကုန်အမျိုးအစားၖ အသုံးပြု၍ ----------------- ကုမ္ပဏီမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျက်ရှိကြောင်းနှင့် အဆိုပါ ကုန်ပစ္စည်းများနှင့်စပ်လျဥ်း၍ -------------- ကုမ္ပဏီမှ ခန့်မှန်း ( ) ရက်နေ့တွင်------ ----------- မြို့မှ -----------------မြို့သို့ ------------- ဖြင့် ---------------- နိုင်ငံမှ တင်သွင်းလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါကုန်ပစ္စည်းများ တင်သွင်းလာပါက ထုတ်ယူခွင့်မပြုဘဲ ဆိုင်းငံ့မိန့် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လျှောက်ထားသူ

လက်မှတ် ____________________
အမည် ____________________
ရာထူး ____________________

၁။ မူပိုင်ခွင့်ရရှိသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
General information of right holders-

| | |
|---|---|
| မူပိုင်ခွင့်ရရှိသူ၏အမည် (Right holders name) | - |
| မူပိုင်ခွင့်ရရှိသူ၏လိပ်စာ (Right holders address) | - |
| ကုမ္ပဏီအမည် (Company name) | - |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့်ရက်စွဲ (Registration No. and date) | - |
| ကုမ္ပဏီ၏ လိပ်စာ (Company address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်- (Phone / Fax / Email) | |

၂။ လျှောက်ထားသူ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
Personal data of applicants-

| | |
|---|---|
| လျှောက်ထားသူ၏အမည် (Applicant name) | - |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် (Identification card No. /Passport No.) | - |
| အလုပ်အကိုင် (Job title) | - |
| လိပ်စာ (Address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ် (Phone / Fax/ Email) | - |

၃။ လျှောက်ထားသည့်ကုမ္ပဏီ၏ သတင်းအချက်အလက်များ(Company profile of applicant)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | - |
| ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ရက်စွဲ<br>(Registration No. and date) | - |
| အခွန်ထမ်းမှတ်ပုံတင်အမှတ်<br>(TIN- Tax payer identification number) | - |
| ကုမ္ပဏီ၏ လိပ်စာ<br>(Company Address) | - |
| ဖုန်းနံပါတ်/ဖက်(စ်)နံပါတ်/အီးမေးလ်<br>(Phone / Fax / Email) | - - |

၄။ ဆိုင်းငံ့မိန့်လျှောက်ထားသည့်ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ (Detailed Description of suspected goods)

| | | |
|---|---|---|
| အမှတ်တံဆိပ်မူပိုင်ခွင့်<br>(Trademark Right) | ☐ | |
| ကုန်ပစ္စည်းအမျိုးအမည်<br>(Description of the goods) | - | |
| H.S Code | - | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နံပါတ်<br>(Registration No. at Myanmar IP department) | - | |
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် နေ့ရက်<br>(Registration date at Myanmar IP department) | - | |
| မူပိုင်ခွင့်ရရှိသည့် ကာလ -<br>(Duration of the right) | မှ<br>(From) | ထိ<br>(To) |

၅။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် အကြောင်းအရင်း(The reason of application for suspension of release)

| |
|---|
| |

၆။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် ကုန်ပစ္စည်းအားတင်သွင်းသူ(Importer of the suspected goods for suspension)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | - |
| လိပ်စာ<br>(Address) | - |
| ဖုန်းနံပါတ်<br>(Phone No.) | - |

၇။ ဆိုင်းငံ့မိန့်ထုတ်ပေးစေလိုသည့် ကုန်ပစ္စည်းအား တစ်ဖက်နိုင်ငံမှ တင်ပို့သူ (Exporter of the suspected goods for suspension)

| | |
|---|---|
| ကုမ္ပဏီအမည်<br>(Company name) | - |
| လိပ်စာ<br>(Address) | - |
| ဖုန်းနံပါတ်<br>(Phone No.) | - |

၈။ ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ(Documents to be attached)

| | |
|---|---|
| မြန်မာနိုင်ငံမူပိုင်ခွင့်ဦးစီးဌာနမှ မှတ်ပုံတင်ခွင့်ပြုချက် မိတ္တူ<br>(IPR registration certificate(copy)) | |
| စွပ်စွဲပစ္စည်းများအပေါ် ခိုင်လုံသော အထောက်အထားများ<br>(Prima facie evidence of infringement) | |
| ကုန်ပစ္စည်းအတုအစစ် ခွဲခြားစစ်ဆေးနိုင်သော အချက်အလက်များနှင့် အထောက်အကူပြုပစ္စည်းများ<br>(Supporting materials/tools and detailed description of goods to make them recognizable) | |
| ကိုယ်စားလှယ်လွှဲစာ<br>(Power of attorney) | |
| အများပြည်သူသိရှိစေရန် သတင်းစာတွင် ကြေညာချက်<br>(Public announcement) | |
| အခြားလိုအပ်သော စာရွက်စာတမ်းများ<br>(Other necessary documents) | |

# ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားစာ
## [နည်းဥပဒေ ၁၄ (က) နှင့် (ဂ)]

သို့

-------------------------(လျှောက်ထားသူ)

-------------------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားခြင်း**

၁။ - - ရက်နေ့တွင် ___________ ကုမ္ပဏီမှ အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု ယူဆနိုင်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းမှ ဆိုင်းငံ့ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားလာပါသည်-

(က) ________________________________

(ခ) ________________________________

(ဂ) ________________________________

၂။ အဆိုပါ လျှောက်ထားချက်အား စိစစ်ပြီးဖြစ်၍ အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု စွပ်စွဲခံရထားရသော ကုန်ပစ္စည်းများအား နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းလာပါက ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံလိုက်သည်။

၃။ ဤအကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ အစိုးရရုံးဖွင့်ရက် ငါးရက်အတွင်း အာမခံစပေါ်ငွေကျပ် ___________ ကို အကောက်ခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/၂၀၂၃ (        )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်            လ            ရက်

မိတ္တူကို

ရန်ကုန်ဆိပ်ကမ်းများအားလုံး

လေဆိပ်

လေဆိပ်ကုန်လှောင်ရုံ

OSSစစ်ဆေးရေးစခန်းအားလုံး

မြို့နယ်ရုံးအားလုံး

ရုံးလက်ခံ

မျှောစာတွဲ

**ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ**
**[နည်းဥပဒေ ၁၄ (ဂ)]**

သို့

---------------------(လျှောက်ထားသူ)

---------------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

၁။ - - ရက်နေ့တွင် ___________ ကုမ္ပဏီမှ အမှတ်တံဆိပ်အတုကို အသုံးပြုထားသည်ဟု ယူဆနိုင်သော အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းမှ ဆိုင်းငံ့ပေးရန် အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားလာပါသည်-

(က) ________________________________

(ခ) ________________________________

(ဂ) ________________________________

၂။ အဆိုပါ လျှောက်ထားချက်အား စိစစ်ရာတွင် သတ်မှတ်ကာလအတွင်း လိုအပ်သော အချက်အလက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ဆိုင်းငံ့မိန့်လျှောက်ထားချက်ကို ငြင်းပယ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/၂၀၂၃ (        )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်            လ            ရက်

မိတ္တူကို

ရန်ကုန်ဆိပ်ကမ်းများအားလုံး
လေဆိပ်
လေဆိပ်ကုန်လှောင်ရုံ
OSSစစ်ဆေးရေးစခန်းအားလုံး
မြို့နယ်ရုံးအားလုံး
ရုံးလက်ခံ
မျှောစာတွဲ

# ဆိုင်းငံ့မိန့်ထုတ်ပြန်ကြောင်း အကြောင်းကြားစာ
# (နည်းဥပဒေ ၁၆)

သို့

------------------------(လျှောက်ထားသူ/ အခွင့်အရေးရရှိသူ)

------------------------

------------------------(တင်သွင်းသူ)

------------------------

အကြောင်းအရာ။ **ဆိုင်းငံ့မိန့်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍အကြောင်းကြားခြင်း**

၁။ - - ရက်နေ့တွင် ---------- ဖြင့် --------- မှ ------- သို့ရောက်ရှိလာသော အောက်ဖော်ပြပါကုန်ပစ္စည်းများသည် အမှတ်တံဆိပ်အတုကိုအသုံးပြုထားသော ကုန်ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့်အထောက်အထားများ တွေ့ရှိရသဖြင့် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပြန်ခဲ့ပါသည်။

(က) ________________________________

(ခ) ________________________________

(ဂ) ________________________________

(ဃ) ________________________________

၂။ အပိုဒ် (၁) ပါ ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍-

(က) တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကိုကျေနပ်မှုမရှိပါက အမှတ်တံဆိပ်အတုကို အသုံးပြု၍ တင်သွင်းသောကုန်ပစ္စည်းများ မဟုတ်ကြောင်း ခိုင်လုံသည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။ ယင်းသို့ဆောင်ရွက်နေကြောင်း ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ခ) ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်စေ၊ ပျက်စီးလွယ်သော ကုန်ပစ္စည်းများဖြစ်ပါက သုံးရက်အတွင်းဖြစ်စေ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူသည် အမှုကိစ္စအမှားအမှန် အပေါ်ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့်တရားရုံးမှ ကုန်ပစ္စည်းစီးဆင်းမှုဆိုင်းငံ့သည့် ယာယီအရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၃။ လျှောက်ထားသူ သို့မဟုတ် အခွင့်အရေးရရှိသူက အပိုဒ် ၂ အပိုဒ်ခွဲ (ခ) အရ သတ်မှတ်ရက် အတွင်း တင်ပြခြင်းမရှိပါက ဆိုင်းငံ့မိန့်ကိုပယ်ဖျက်၍ ကျသင့်အခွန်အခများ ပေးဆောင်စေပြီး အဆိုပါ ကုန်ပစ္စည်းများကို တင်သွင်းသူအား ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၇-ကက/(မူပိုင်ခွင့်)/၂၀၂၃ (      )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်      လ      ရက်

မိတ္တူကို
သက်ဆိုင်ရာဆိပ်ကမ်းတာဝန်ခံ/လေဆိပ်တာဝန်ခံ/စစ်ဆေးရေးစခန်းတာဝန်ခံ/မြို့နယ်ရုံး
ရုံးလက်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန**

အမိန့်စာအမှတ်။
ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

**ဆိုင်းငံ့မိန့်**

၁။ - - ရက်နေ့တွင် ---------- ဖြင့် --------- မှ ------- သို့ရောက်ရှိလာသော အောက်ဖော်ပြပါ ကုန်ပစ္စည်းများသည် အမှတ်တံဆိပ်အတုကို အသုံးပြုထားသော ကုန်ပစ္စည်း ဖြစ်သည်ဟု ယူဆနိုင်သော ခိုင်လုံသည့်အထောက်အထားများ တွေ့ရှိရသဖြင့် ကုန်သွယ်မှု လမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့လိုက်သည်-

(က) ______________________________
(ခ) ______________________________
(ဂ) ______________________________
(ဃ) ______________________________

၂။ အမှုဖြစ်စဉ်အကျဉ်း-
--------------------------------------------------------------
--------------------------------------------------------------
--------------------------------------------------------------
--------------------------------------------------------------
--------------------------------------------------------------

၃။ ဆိုင်းငံ့ထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆိုင်းငံ့မိန့်ကို မကျေနပ်လျှင်ဖြစ်စေ၊ အမှုကိစ္စအမှားအမှန်ဆုံးဖြတ်နိုင်ရေး အရေးယူဆောင်ရွက်ရန်ဖြစ်စေ မူပိုင်ခွင့်တရားရုံးသို့ ဆက်လက် လျှောက်ထားဆောင်ရွက်နိုင်သည်။

ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

စာအမှတ်၊ ၁၆-ကက (မူပိုင်ခွင့်)/၂၀၂၃ ( )
ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်